# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

**ညွှန်ကြားချက်အမှတ်  ၅ / ၂၀၂၄**

**၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**

**(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)**

## တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ညွှန်ကြားချက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သောတိရစ္ဆာန်အထွေထွေရောဂါ ကုဆေးခန်း၊ တိရစ္ဆာန်အထူးကုဆေးခန်း၊ တိရစ္ဆာန်ကုဆေးရုံ သို့မဟုတ် လေ့ကျင့်သင်ကြားရေး တိရစ္ဆာန်ကုဆေးရုံစသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သည် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိရန် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါ အထောက် အထားများပူးတွဲ လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ ၆ လအတွင်း ရိုက်ကူးထားသော (၂လက်မ x ၁လက်မခွဲ အရွယ်) ရောင်စုံဓာတ်ပုံ၊

(ခ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့်အဆောက်အအုံနှင့်မြေနေရာအခင်းအကျင်းအတိုင်းအတာ၊ အကျယ်အဝန်း၊

(ဂ) အဆောက်အအုံရှေ့၊ နံဘေးနှင့် အတွင်းခန်းများအားလုံး၏ ရောင်စုံဓာတ်ပုံ၊

22-7-2024

(ဃ) ကြီးကြပ်ဆောင်ရွက်မည့်သူစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊

(င) ဝန်ထမ်းစာရင်းနှင့် ယင်းတို့၏ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊

(စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက လုပ်ငန်းအမျိုးအစားအလိုက် တောင်းခံသည့် အခြားစာရွက်စာတမ်း အထောက်အထားများ၊

(ဆ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

၂။ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်လျှောက်ထားလိုသည့် ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းသည် မိမိလုပ်ကိုင်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စီမံဆောင်ရွက်ထားရမည်-

(က) မိမိလုပ်ကိုင်မည့် လုပ်ငန်းအမျိုးအစားအလိုက် လုံလောက်သော မြေ သို့မဟုတ် နေရာအကျယ်အဝန်းရှိရမည်။

(ခ) အဆောက်အအုံ သို့မဟုတ် အခန်းများသည် လုပ်ငန်းအတွက် သင့်လျော်သောအကျယ်အဝန်းရှိပြီး ဘေးကင်းလုံခြုံ၍ ခိုင်ခံ့ရမည်။

(ဂ) လျှပ်စစ်မီးနှင့် လေဆိုးထုတ်စနစ် ထားရှိရမည်။

(ဃ) အခင်းနှင့်နံရံသည် လွယ်ကူစွာ ပိုးသတ်သန့်စင်နိုင်သော မျက်နှာပြင်ဖြစ်ရမည်။

(င) တိရစ္ဆာန်ထိန်းချုပ်မှုစနစ် စီမံထားရှိရမည်။

(စ) ဆေးသိုလှောင်ခန်း ထည့်သွင်းထားရှိရမည်။

(ဆ) အအေးသိုလှောင်မှုစနစ် (Cold Storage) ပါရှိရမည်။

(ဇ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသိအမှတ်ပြုထားသော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိရမည်။